## KMD Sales & Service Centre ရဲ့ အထူးဈေးရောင်းပွဲ

စက်တင်ဘာလ ၁၇ ရက်နေ့က Strand hotel (မင်္ဂလာခန်းမ) မှာ KMD Sales & Service Centre မှ အထူးဈေးရောင်းပွဲတစ်ခု ကျင်းပပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။

အဲဒီ ဈေးရောင်းပွဲမှာ Prolink ၊ Lenovo ၊ Dell ၊ Samsung နဲ့ Toshiba notebook တွေကို အထူးလျှော့ဈေးနဲ့ အရေအတွက် ကန့်သတ်ရောင်းချခြင်း၊ printer ၊ speaker ၊ hard disk drive ၊ camera ၊ keyboard နဲ့ mouse များကို ၅၀ ရာခိုင်နှုန်းဈေးလျှော့ရောင်းချခဲ့ပါတယ်။ Notebook ၊ netbook ၊ desktop ၊ Macbook Pro ၊ Macbook Air ၊ iMac ၊ iPad ၊ iPhone ဝယ်ယူသူတွေအတွက်လည်း iPad2 အပါအဝင် တခြားဆုမဲတွေအများကြီးပါဝင်တဲ့ lucky draw အစီအစဉ်တွေနဲ့ တခြားဝယ်သူတွေအတွက် လက်ဆောင်ပေးခြင်းအစီအစဉ်များကိုလည်း ပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။

## MCF ရဲ့ ITPEC(FE) exam preparation (intensive course)

သတင်းအချက်အလက်နဲ့ ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် MCF ကနေ ITPEC စာမေးပွဲတွေကို ကျင်းပပေးလျက်ရှိပါတယ်။ အခုလည်း ITPEC Fundamental Information Technology Engineer Examination (FE) စာမေးပွဲကို ဖြေဆိုအောင်မြင်သူတွေ တိုးတက်လာစေဖို့ ရည်ရွယ်ပြီး အောက်တိုဘာလ ၁ ရက်နေ့ကစကာ ၁၆ ရက်နေ့အတွင်း စနေ၊ တနင်္ဂနွေနဲ့ သောကြာတစ်ရက် စုစုပေါင်း ၇ ရက်ကြာ စာမေးပွဲအထောက်အကူပြုသင်တန်း exam preparation (intensive course) ကို ဖွင့်လှစ်သင်တန်းပေးမယ်လို့ သိရပါတယ်။ သင်တန်းနေရာက MCF e-Learning Center ၊ အဆောင် (၁) ၊ Myanmar Info-Tech ထဲမှာဖြစ်ပါတယ်။

အဲဒီ သင်တန်းမှာ သင်ကြားမယ့် ဘာသာရပ်တွေကတော့ Basic Theory ၊ Computer System (Hardware and OS) ၊ Data Structure ၊ Algorithms ၊ DBMS ၊ Networking ၊ System Development and Operation ၊ Accounting ၊ Java ၊ Strategy တို့ဖြစ်တယ်လို့ သိရပါပြီး သင်တန်းကြေး တစ်သောင်းခွဲကျပ်ဖြစ်ကာ သင်တန်းချိန်ကတော့ နံနက် ၉ နာရီကနေ ညနေ ၅ နာရီအထိ ဖြစ်တယ်လို့ သိရပါတယ်။

MCF က ဖွင့်လှစ်ပေးမယ့် အဲဒီသင်တန်းဟာ စက်တင်ဘာလ ၁၉ ရက်နေ့က တည်းက စတင်စာရင်းပေးသွင်းနိုင်ခဲ့တာဖြစ်လို့ PCWorld Myanmar စာဖတ်သူတွေ အတွက် ဒီသတင်းက နောက်ကျနေခဲ့ပြီဖြစ်ပါတယ်။ ဒါပေမဲ့လည်း MCF မှ ဒီလို သတင်းတွေလည်း ဖွင့်လှစ်ပေးနေတယ်ဆိုတဲ့ သတင်းကို ပေးချင်တာကြောင့် ဖော်ပြပေးချင်ခဲ့တာပါ။ MCF မှ ဘယ်လို သင်တန်းတွေများ ထပ်မံဖွင့်လှစ်သင်ကြား ပေးဦးမှာလဲဆိုတာကို သိချင်ရင်တော့ ဖုန်း ၆၅၂၃၀၇ ကို ဆက်သွယ်စုံစမ်းမေး မြန်းနိုင်ပါတယ်။